# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**မန္တလေး မေ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် လက်ရှိကာလတွင် တက်တက် ကြွကြွ သက်ဝင်လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက် ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ လွဲမှားမှုမရှိ စေလိုကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း။

ဥပဒေပြုလုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော် သည် နိုင်ငံသူနိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ခေတ်စနစ်နှင့် မလျော်ညီသည့် တည်ဆဲဥပဒေများကို စနစ်တကျလေ့လာပြီး ပြင်ဆင်၊ ဖြည့်စွက် ပြဋ္ဌာန်းပေးရန် လိုပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေကို လေ့လာ သုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေများပြဋ္ဌာန်းပေးရန်လိုပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးနှိမ်နင်း နိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေ မူကြမ်းရေးဆွဲ၍ ဆောင်ရွက်

ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန် အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့်လည်း မိမိတို့လွှတ်တော်အပေါ် မျှော်လင့်ချက် ယုံကြည်ချက် ထားရှိနေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မေးခွန်းများ တင်သွင်းမေးမြန်းရာတွင် ပြည်သူများ၏ အမှန်တကယ် လိုအပ်သည်များကို တင်သွင်းမေးမြန်းရန်လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒကို အသေးစိတ်သိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တပြေးညီတင်ပြ၍ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော်အစိုး၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်း မျက်ခြေမပျက် မှတ်သားလေ့လာပြီး လွှတ်တော်ကဏ္ဍမှ ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ပူးပေါင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်နှင့်အစိုးရ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူလူထု လိုအပ်ချက်များကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်ဥပဒေပြုရေးလုပ်ငန်းများကို အထောက် အကူပြုနိုင်စေရန်အတွက် အစိုးရ၏မူဝါဒ သိရှိနိုင်ရန် နိုင်ငံပိုင် သတင်းစာများ၊ မျက်မှောက်ခေတ် နိုင်ငံတကာသတင်းများကို မျက်ခြည်မပြတ် လေ့လာကြရမည် ဖြစ်ပါ ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပါတီစွဲ၊

လူမျိုးစွဲ၊ ဝါဒစွဲ မထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ရှေးရှုပြီးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့လက်ထက်တွင် ပိုမိုကောင်းမွန်သည့် လွှတ်တော်များဖြစ်လာစေရေး ဆောင်ရွက် သွားရမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက် ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန် ကြိုးစားသွားဖို့လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် ထူးထူးခြားခြား ပြည်သူ့အကျိုးပြုသည့် လွှတ်တော်ဖြစ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမအား ကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မိမိတို့လွှတ်တော်သည် လွှတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲမှ သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ကြိုက်ရွေးချယ်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ပြည်သူ များ၏ဆန္ဒနှင့်အညီ ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသဖြင့် ပြည်သူနှင့် အနီးကပ်ဆုံး အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့်

ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိ အောင် ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရ အကြား ပြည်သူများ၏ လိုအပ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူအားကိုးရာ နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြို့မိမြို့ဖနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အခက်အခဲနှင့် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ ရှိပါက လွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တင်ပြပေးကြရန်နှင့် လွှတ်တော်များမှလည်း သက်ဆိုင်ရာနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ဥပဒေအဖြစ် ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးခြင်းများ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ ယခုတင်ပြလာသော လူပုဂ္ဂိုလ်တစ်ဦးချင်း ဆိုင်ရာအခက်အခဲများ၊ အများနှင့်သက်ဆိုင်သည့် အခက်အခဲများ နှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုသော MSME အခက်အခဲများ နှင့်ပတ်သက်သည့် တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြန်လည်စိစစ်ခြင်းနှင့် လိုအပ်ပါကဥပဒေအဖြစ်ပြဋ္ဌာန်း ဆောင်ရွက် နိုင်ရေးကို ဥပဒေပြုလွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**